ASEAN PARLIAMENTARIANS FOR HUMAN RIGHTS

APHR

---

## ရခိုင်ပြည်နယ်အတွင်းရှိအကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရေးအတွက် ဒေသတွင်းရှိလွှတ်တော်အမတ်များက ထပ်မံတောင်းဆို

ဂျကာတာ၊ နိုဝင်ဘာလ ၁၅ ရက် ၂၀၁၆။ အရှေ့တောင်အာရှမှ လွှတ်တော်အမတ်များသည် ယခု သီတင်းပတ်ကုန်အပြီးတွင် မြင့်တက်လာသော အကြမ်းဖက်မှု များကြောင့် မြန်မာနိုင်ငံအတွင်းရှိ ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးဆိုင်ရာ အကြမ်းဖက်မှုများအပေါ် လွတ်လပ် ၍ အများယုံကြည်လက်ခံသော စုံစမ်းစစ်ဆေးမှုတစ်ရပ်ပြုလုပ်ရန် ထပ်မံတောင်းဆိုလိုက်ကြသည်။

`လွန်ခဲ့တဲ့ရက်အနည်းငယ်အတွင်းက ရိုဟင်ဂျာအရပ်သားများကို ပိုမို သတ်ဖြတ်ခြင်းများနှင့် ကျေးရွာများကို မီးရှို့ခြင်းများအကြောင်း သတင်းတွေထွက်ပေါ်လာခဲ့ပြီး အကြမ်းဖက်မှုများပိုမိုတိုးတက်ဖြစ်ပွားနေကြောင်း သိရှိရပြီး ရက်စက်အကြမ်းဖက်မှုတွေနဲ့ ပတ်သက်ပြီး သက်သေအထောက်အထားတွေ လဲ တွေ့မြင်ခဲ့ရပါတယ်။ သွားရောက်လေ့လာခွင့်မရှိတာကြောင့် ဒီဝမ်းနည်းကြေကွဲဖွယ်ရာသတင်းတွေမှန်/မမှန်ဆိုတာကို အတည်ပြုဖို့မဖြစ်နိုင်ပေမယ့် မြန်မာစစ်အစိုးရရဲ့သမိုင်းတစ်လျှောက် လူ့အခွင့်အရေးချိုးဖောက်မှုများဟာ ဒီလိုအကြမ်းဖက်မှုတွေဖြစ်မနေပါဘူးဆိုတာကို လက်ခံဖို့ရာလဲ မဖြစ်နိုင်ပါဘူး ´ ဟု လူ့အခွင့်အရေးဆိုင်ရာလွှတ်တော်အ မတ်များအဖွဲ့ ( ASEAN Parliamentarians for Human Rights (APHR) အဖွဲ့၏ဥက္ကဋ္ဌဖြစ်သူ၊ မလေးရှားလွှတ်တော်အမတ် Charles Santiago က ပြောကြားခဲ့သည်။

´တကယ်လို့မြန်မာအစိုးရအနေနဲ့ ဒီလိုသွေးထွက်သံယိုမှုတွေကို မဟန့်တား နိုင်ဘူး၊ လုံခြုံရေးအဖွဲ့တွေကို မထိန်းချုပ်နိုင်ဘူးဆိုရင် ဒေသတွင်းနဲ့ နိုင်ငံတကာအသိုင်းအ ဝန်းတွေအနေနဲ့ ဒီကိစ္စကို ဆောင်ရွက်ဖို့တာဝန်ရှိပါတယ်။ ကုလသမဂ္ဂနဲ့ အာဆီယံအဖွဲ့အစည်းတွေအနေနဲ ့ ဒီစုံစမ်းစစ်ဆေးမှုကို ဦးစီးဆောင်ရွက်ဖို့ ပြုလုပ်သင့်ပါတယ်။ ´

နိုင်ငံပိုင်သတင်းမီဒီယာများ၏ဖော်ပြချက်အရ မောင်တောမြို့နယ်အတွင်းတွင် မြန်မာ စစ်တပ်အား ခြံခိုတိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် သောကြာနေ့တွင် အကြမ်းဖက်မှုများပိုမိုဖြစ်ပွားခဲ့ပြီး မြန်မာ စစ်တပ်က ဟယ်လီကော်ပတာများဖြင့်လေကြောင်းထိုးစစ်ဆင်ခဲ့သည်။ အမည်မသိရန်ပြုတိုက်ခိုက်သူ များက လုံခြုံရေးရဲကင်းများကို တိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီးေ နာက် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ များတွင် သွားလာခွင့်များကို လုံခြုံရေးတပ်ဖွဲ့များက ပိတ်ပင်လိုက်ပြီးနောက်တစ်လကျော်ကြာပြီး နောက်တွင် အကြမ်းဖက်မှုများထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

တနင်္ဂနွေနေ့က HRW ခေါ် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ရိုဟင်ဂျာကျေးရွာတွေမှာ မီးလောင် ပျက်စီးနေတဲ့ ဂြိုလ်တုဓါတ်ပုံတွေကို ထုတ်လွှင့်ခဲ့ပါတယ်။ ရိုဟင်ဂျာမိသားစုတွေ သေကျေနေတဲ့ အတည်မပြုနိုင်တဲ့ဗွီဒီယိုကြောင့်လဲ စိုးရိမ်ပူပန်မှုတွေကို မြင့်တက်စေခဲ့ပါတယ်။ ြ မန်မာတပ်မတော်ရဲ့ သတင်းမှန်ပြန်ကြားရေးအဖွဲ့က ဒီသက်သေအထောက်အထားတွေဟာ မမှန်ကန်ဘူးလို ့ငြင်းဆန် ခဲ့ပါတယ်။ ဒါပေမယ့် လွှတ်တော်အမတ်တွေကတော့ ဒေသတွင်းကို ဝင်ရောက်လေ့လာဆောင်ရွက် ခွင့်ရရှိမှာသာ ပိုမိုလက်တွေ့ပြထင်ရှားစေနိုင်မှာ ဖြစ်တယ်လို့ပြောကြားခဲ့ပါတယ်။

လွှတ်တော်အမတ်တွေဟာ ဒီကိစ္စတွေမှာ ဆိတ်ဆိတ်နေတဲ့ မြန်မာနိုင်ငံရဲ့နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ဒီကိစ္စမှာ ဝင်ရောက်ဆောင်ရွက်ဖို့လဲ ပြောကြားခဲ့ပါတယ်။

`ရခိုင်ပြည်နယ်အတွင်းမှာဖြစ်ပွားနေတဲ့ပြဿနာများထဲက ဒီကိစ္စဟာ ကြီးမားတဲ့ဖိအားပေးမှု တစ်ရပ် ဖြစ်ပြီး အရမ်းကို ထိလွယ်ရှလွယ်တဲ့ကိစ္စဆိုတာကို နားလည်သလို စစ်တပ်နဲ့ အရပ်သားအစိုးရ အကြားက အာဏာခွဲေ ဝထားရှိမှုတွေကိုလည်း နားလည်ထားပါတယ်။ ဒါပေမယ့် နိုဘယ်လ်ဆုရှင်နဲ့ သူမရဲ့အစိုးရအနေနဲ့ ဒီအခြေအနေကို ဖြေရှင်းဖို့အရေးကို ဦးစားပေးဆောင်ရွက်ဖို့နဲ့ အချိန်မနှောင်းခင် ပြဿနာရင်းမြစ်ကို ရှာဖွေဖြေရှင်းဖို့ အလေးအနက်ပန်ကြားအပ်ပါတယ်´ လို့ Santiago က ပြောကြား ခဲ့သည်။

`အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ရခိုင်ပြည်နယ်မှာဖြစ်ပွားနေတဲ့ကိစ္စဟာ မြန်မာတစ်နိုင်ငံတည်းကိုဘဲ အကျိုးသက်ရောက်မှုဖြစ်စေရုံတင်မကဘူးဆိုတာ နား လည်ထားရပါမယ်။ ဒီအကြမ်းဖက်မှုဟာပြည်တွင်းရေးကိစ္စသက်သက်မဟုတ်ပါဘူး။ ဒေသတွင်းနိုင်ငံများကိုလည်း ရိုက်ခတ်မှုရှိတဲ့ပြဿနာဆိုတာကို ယခင်ကလည်းမြင်တွေ့ခဲ့ဖူးပြီးသားပါ။ လူကုန်ကူးမှုကို ဆန့်ကျင်တိုက်ဖျက်ရေးကြေညာစာတမ်းမှာပါတဲ့ ကတိက ဝတ်တွေကို အာဆီယံအနေနဲ့ အသက်သွင်းနိုင်ဖို့ လူထုကို လူကုန်ကူးခံရတဲ့သားကောင်တွေမဖြစ်ရေး၊ နိုင်ငံတော်ကဦးဆောင်တဲ့ နှိပ်စက်မှုတွေ၊ အကြမ်းဖက်မှုေ တွကိုဖြစ်စေတဲ့ အခြေခံအကြောင်းတရားတွေကိုဖြေရှင်းဖို့ အာဆီယံနိုင်ငံတွေအနေနဲ့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ´